# ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

# ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ (၂၀၀၈)

## အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဝေသည်။

# ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ

## ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ (၂၀၀၈)

### အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဝေသည်။

Women's League of Burma

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသည့် တိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ကြီး ဖြစ်သည်။ အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ် ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၂) ဖွဲ့ပါဝင်ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်နေ့တွင် တည်ထောင် ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက် မြင့်မားလာစေရေးနှင့်အရည်အချင်းပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီး များ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှား ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

G.P.O. Box 413
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

လုံခြုံရေးကောင်စီ

ထုတ်ဝေရေးဌာန။ ။ အထွေထွေ
၁၉ ရက်နေ့ ဇွန်လ ၂၀၀၈ ခုနှစ်

# ဆုံးဖြတ်ချက်အမှတ် ၁၈၂၀ (၂၀၀၈)

၁၉ ရက်နေ့ ဇွန်လ ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သော လုံခြုံရေးကောင်စီ၏ ၅၉၁၆ ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (၂၀၀၀)၊ ၁၆၁၂ (၂၀၀၅)၊ နှင့် ၁၆၇၄ (၂၀၀၆) တို့ကို အပြည့်အဝ ဆက်လက် အကောင်အထည် ဖော်သွားရေးကို ထပ်မံအတည်ပြုခြင်းနှင့် ၃၁ ရက်နေ့ အောက်တိုဘာလ ၂၀၀၁ ခုနှစ် (Security Council/PRST/ ၂၀၀၁၊၃၁)၊ ၃၁ ရက်နေ့ အောက်တိုဘာလ ၂၀၀၂ ခုနှစ် (Security Council/PRST/၂၀၀၂၊၃၂)၊ ၂၈ ရက်နေ့ အောက်တိုဘာလ ၂၀၀၄ ခုနှစ် (Security Council/PRST/၂၀၀၄၊၄၀)၊ ၂၇ ရက်နေ့ အောက်တိုဘာလ ၂၀၀၅ ခုနှစ် (Security Council/PRST/၂၀၀၅၊၅၂)၊ ၈ ရက်နေ့ နိုဝင်ဘာလ ၂၀၀၆ ခုနှစ် (Security Council/PRST/၂၀၀၆၊၄၂)၊ ၇ ရက်နေ့ မတ်လ ၂၀၀၇ ခုနှစ် (Security Council/PRST/၂၀၀၇၊၅) နှင့် ၂၄ ရက်နေ့ အောက်တိုဘာလ ၂၀၀၇ ခုနှစ် (Security Council/PRST/၂၀၀၇၊၄၀) အသီးသီးတို့တွင် ထုတ်ပြန်ခဲ့သော ကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ကို ပြန်လည်အောက်မေ့ခြင်း၊

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လမ်းညွှန်ချက်များအဖြစ် အသုံးပြု၍–

၂၀၀၅ ခုနှစ် ကမ္ဘာ့ညီလာခံကြီး၏ ထုတ်ပြန်ကြေညာချက်စာတမ်းတွင် ဖော်ပြခဲ့သော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများအားလုံး ပပျောက်ရေးနှင့် ပတ်သက်၍ နိုင်ငံအစိုးရများ၏ လိုက်နာကျင့်သုံးရမည့် တာဝန်များဖြစ်သော နိုင်ငံတကာ

လူသားချင်းစာနာထောက်ထားသည့် ဥပဒေများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ တို့နှင့်အညီ စစ်ပဋိပက္ခဖြစ်ပွားနေချိန်နှင့် စစ်ပဋိပက္ခဖြစ်ပွားပြီးကာလများအတောအတွင်း အပြစ်ရှိသူများ အပြစ်မှ ကင်းလွတ်နေခြင်းများကို ရပ်တန့်ခြင်းနှင့် အရပ်သားများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အထူးကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်သွား ရန် ထပ်မံအတည်ပြုခြင်း၊

ဘေဂျင်းကြေညာချက်နှင့် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်များ (A/၅၂/၂၃၁) အပါအဝင် "၂၀၀၀ ခုနှစ် အမျိုးသမီးများ ၂၁ ရာစု ကျား၊ မဆိုင်ရာ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေး" (A/S-၂၃/၁၀/Rev.၁) ဟူသည့်အမည်ဖြင့် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ၂၃ ကြိမ်မြောက် အထူးအစည်းအဝေးမှ ထုတ်ပြန်ခဲ့သော အစည်းအဝေး မှတ်တမ်းများတွင် ပါဝင်သော အချက်အလက်များ အထူးသဖြင့် စစ်ပဋိပက္ခများအတွင်းရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အမျိုးသမီးများတို့နှင့်ပတ်သက်သည့် အချက်အလက် များကို ပြန်လည်အောက်မေ့သတိရခြင်း၊

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံထားမှုများအားလုံး ပပျောက်ရေး ဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်နှင့် ယင်း၏ နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များပါ သဘောတူညီချက်များနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘော တူစာချုပ်နှင့် နောက်ဆက်တွဲပြဋ္ဌာန်းချက်များပါ သဘောတူညီချက်များကို လက်တွေ့ အကောင်အထည်ဖော်ရန် အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများမှ တာဝန်ရှိသည်ကို ထပ်မံအတည်ပြု ခြင်းနှင့် အတည်ပြုခြင်းမပြုလုပ်ရသေးသော နိုင်ငံများကို အတည်ပြုမှုများပြုလုပ်သွားရန်နှင့် လက်မှတ်ရေးထိုးခြင်းမရှိသေးသော နိုင်ငံများကိုလည်း လက်မှတ်ရေးထိုးခြင်းများပြုလုပ် သွားရန် တိုက်တွန်းခြင်း၊

စစ်ပဋိပက္ခများ၏ ဆိုးကျိုးကို ခံစားရသူအများစုမှာ အရပ်သားများဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဂုဏ်သိက္ခာ အားစော်ကားခြင်း၊ လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ကြောက်ရွံ့မှုများဖန်တီးခြင်း၊ တိုင်းရင်းသားလူမျိုး များနှင့် လူမှုအသိုင်းအဝိုင်းများအား အတင်းအဓမ္မ နေရာရွှေ့ပြောင်းခြင်းစသည့်တို့ကို

ပြုလုပ်ရာတွင် စစ်ဆင်ရေးနည်းဗျူဟာ အဖြစ်အသုံးပြုခြင်းနှင့် တိုက်ခိုက်မှုများပြီးဆုံးသွားသော်လည်း ဤကဲ့သို့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလေ့ရှိသည်ကို အထူးမှတ်သားသတိမူခြင်း၊

စစ်ပဋိပက္ခများအတွင်း အရပ်သားပြည်သူလူထုများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာနှင့် အခြားအကြမ်းဖက်မှုနည်းမျိုးစုံကို အခိုင်အမာ ရှုပ်ချခဲ့မှုများကို ပြန်လည်အောက်မေ့သတိရခြင်း၊

စစ်ပဋိပက္ခများအတွင်းဖြစ်ပွားသော အကြမ်းဖက်မှုများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ပတ်သက်၍ အထူးစိုးရိမ်ပူပန်နေရသည်ကို ထပ်ခါထပ်ခါ ရှုပ်ချပြောဆိုခြင်းများ၊ ထိုကဲ့သို့သော စိုးရိမ်ပူပန်မှုများနှင့် ကျူးလွန်မှုများကိုရပ်တန့်ရန် ယင်းပဋိပက္ခများတွင်ပါဝင်နေသော အဖွဲ့အစည်းအားလုံးကို တောင်းဆိုခြင်းများ တို့ပြုလုပ်ခဲ့သော်လည်း ထိုကဲ့သို့သော အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အချို့အခြေ အနေများတွင် စနစ်တကျနှင့် နေရာအများအပြားသို့ပါ ပြန့်ပွားသွားသည့်အတွက် အလွန်ဆိုးရွားသော အခြေအနေများအထိ ရောက်ရှိသွားနိုင်သည်တို့နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ထပ်မံပြောဆိုသတိပေးခြင်း၊

ရောမဥပဒေ၏ နိုင်ငံတကာရာဇဝတ်မှုတရားရုံးနှင့် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးဆိုင်ရာ ဥပဒေတို့တွင် ဖော်ပြထားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ပြစ်မှုကျူးလွန်မှုများကို ပြန်လည်အောက်မေ့သတိရခြင်း၊

ပဋိပက္ခများကိုကြိုတင်ကာကွယ်ဟန့်တားခြင်း၊ ဖြေရှင်းခြင်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီး များ၏ အရေးပါမှုကို ထပ်မံအတည်ပြုခြင်းနှင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိန်းသိမ်းခြင်း၊ မြင့်တင်ခြင်းလုပ်ငန်းများတွင် အမျိုးသမီးများ တန်းတူညီမျှစွာနှင့် အပြည့်အဝပါဝင်နိုင်ရေး ပဋိပက္ခကာကွယ်ဟန့်တားရေးနှင့် ဖြေရှင်းရေးတို့နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်သည့်အဆင့်များတွင် အမျိုးသမီးများပါဝင်မှုနှုန်းများ တိုးတက်မြင့်မားလာရေးတို့ လွန်စွာအရေးကြီးကြောင်း အလေးအနက်ထားခြင်း၊

အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့သည် ပဋိပက္ခများ ကာကွယ်ဟန့်တားရေးနှင့် ဖြေရှင်းရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးအတွက် အခက်အခဲ၊ အဟန့်အတားများဖြစ်စေခဲ့မှုများသည် ပဋိပက္ခပြီးဆုံးသွားပြီး နောက်ပိုင်း ပူးပေါင်းပါဝင်လာစေနိုင်သည့်စွမ်းရည်များ၊ တရားဝင်မှုများကို လျော့နည်းသွားစေသည့်အတွက်ကြောင့် ရည်ရှည်တည်တံ့ခိုင်မြဲသည့် ပဋိပက္ခလွန်ငြိမ်းချမ်းရေးတည်ဆောက်ရေးအပါအဝင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အပေါ် မလိုလားအပ်သည့် အကျိုးဆက်များဖြစ်ပွားစေနိုင်သည်ကို လေးနက်စွာစိုးရိမ်ပူပန်ခြင်း၊

နိုင်ငံများ၏ အစိုးရများသည် ယင်း၏ တိုင်းသူပြည်သားများနှင့် တိုင်းပြည်နယ်နိမိတ်အတွင်းရှိနေသော လူသားများအားလုံး၏ လူ့အခွင့်အရေးများကို လေးစားအသိအမှတ်ပြုခြင်းနှင့် အကာအကွယ်ပေးခြင်းများကို သက်ဆိုင်ရာ နိုင်ငံတကာဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ပေးရန် အဓိကတာဝန်ရှိသည်ကို အသိအမှတ်ပြုခြင်း၊

ပဋိပက္ခတွင်ပါဝင်သောအဖွဲ့အစည်းများအားလုံး ယင်းပဋိပက္ခကြောင့် ထိခိုက်ခံစားနေရသော အရပ်သားများအားတတ်နိုင်သည့် အတိုင်းအတာနှင့်အညီ အကာအကွယ်ပေးသွားရန် အဓိကတာဝန်ရှိသည်ကို ထပ်မံအတည်ပြုခြင်း၊

ယခုလက်ရှိဆောင်ရွက်နေကြသော ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနများအချင်းချင်း အကြား ပူးပေါင်းဆောင်ရွက်မှု "ကမ္ဘာ့ကုလသမဂ္ဂ၏ စစ်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုဆန့်ကျင်ရေးလှုပ်ရှားဆောင်ရွက်မှု" မှစစ်ပဋိပက္ခအတွင်းနှင့်စစ်ပဋိပက္ခဖြစ်ပွားပြီးသွားသော နောက်ပိုင်းတို့တွင် ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်ခြင်းများပြုလုပ်ခြင်းနှင့် နောက်ဆုံး ယင်းအကြမ်းဖက်မှုများ ပပျောက်သွားရန် ဆောင်ရွက်နေခြင်းများကို လှိုက်လှဲစွာကြိုဆိုခြင်း၊

၁။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို စစ်ရေးဗျူဟာအဖြစ်အသုံးပြုခြင်းသော်လည်းကောင်း၊ အရပ်သားပြည်သူလူထု တို့ကိုတိုက်ခိုက်ရန် စစ်ဆင်ရေးများတွင် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်းသည် စစ်ပဋိပက္ခကို ပိုမိုဆိုးရွားလာစေနိုင် သည့်အပြင်

နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့ကို ဖော်ဆောင်ရာတွင် နှောင့်နှေး စေနိုင်သည်ကို အခိုင်အမာချမှတ်ခြင်းနှင့် ထိုကဲ့သို့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကြိုတင် ဟန့်တားကာကွယ်ရန် ဆောင်ရွက်မှုများအဆင့်ဆင့်ပြုလုပ်ခြင်းသည် နိုင်ငံတကာ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးတို့ကိုဖော်ဆောင်ရာတွင်များစွာ အထောက်အကူ ပြုသည်ကို အတည်ပြု ခြင်းနှင့် စနစ်တကျကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကိုင်တွယ် ဖြေရှင်းနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဆောင်ရွက်မှုများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လုံခြုံရေးကောင်စီမှ အဆင့်သင့်ဖြစ်သည်ကို ထုတ်ဖော်ပြောဆိုခြင်း၊

၂။ အရပ်သားပြည်သူလူထုများအပေါ် ကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု များရပ်တန့်ရန် ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများအားလုံး ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ချက်ချင်းပြုလုပ်သွားရန်တောင်းဆိုသည်။

၃။ ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများအားလုံး အရပ်သားများကို အကာအကွယ် ပေးရန်အတွက် စီစဉ်ဆောင်ရွက်သွားရန်၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ် များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှ အကာအကွယ်ပေးခြင်းအပြင် စစ်ပိုင်း ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ချမှတ်ထုတ်ပြန်ခြင်း၊ ဘုံတာဝန်ယူမှုများရှိသည့် စည်းမျဉ်းများ ကို လိုက်နာကျင့်သုံးခြင်း၊ အရပ်သားပြည်သူတို့အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ ကျူးလွန်မှုမရှိစေရန် လိုအပ်သည့် ပညာပေးမှုများပြုလုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုဖြစ်ပွားစေသည့် ယုံကြည်မှုများကို ပယ်ဖျက်ပြစ်ခြင်း၊ လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများခံရနိုင်ဖွယ်ရှိသည့် အခြေအနေများအတွင်း ကျရောက်နေသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လုံခြုံဘေးကင်းသည့် နေရာများသို့ ရွှေ့ပြောင်း ပေးခြင်း စသည့်တို့ကိုဆောင်ရွက်သွားရန် တိုက်တွန်းတောင်းဆိုခြင်းနှင့် လိုအပ်ပါက အထွေထွေအတွင်းရေးမှူးမှ ကမ္ဘာ့ကုလသမဂ္ဂ၏ အာဏာပိုင်များနှင့် ပဋိပက္ခတွင် ပါဝင် နေသောအဖွဲ့အစည်းများအကြား ဆွေးနွေးပွဲများပြုလုပ်ရာတွင် ဤအရေးကိစ္စများကိုပါ ထည့်သွင်းဆွေးနွေးရန် အားပေးတိုက်တွန်းခြင်းအပါအဝင် ထိုပဋိပက္ခနယ်မြေများမှ အမျိုးသမီးများ၏ ထုတ်ဖော်ပြောဆိုမှုများ၊ အမြင်သဘောထားများကိုလည်း အလေးထား ထည့်သွင်းစဉ်းစား၊ ဆွေးနွေးသွားရန် တောင်းဆိုခြင်း၊

၄။ မုဒိမ်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးတို့ကို စစ်ရာဇဝတ်မှု၊ လူမဆန်သည့်ရာဇဝတ်မှု (သို့) လူမျိုးပြုန်းတီးသွားစေရန်ကျူးလွန်မှုတို့အဖြစ် သတ်မှတ်နိုင်သည်ကို မှတ်ယူခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်သည့် ရာဇဝတ်မှုကို ပဋိပက္ခဖြေရှင်းခြင်းဖြစ်စဉ်၏ အခန်းကဏ္ဍတခုဖြစ်သော လွတ်ငြိမ်းချမ်းသာခွင့် ခံစားပိုင်ခွင့်ရှိသည့် ပြစ်မှုများ၏ စာရင်းမှ ထုတ်ပယ်ပစ်ရန် လိုအပ်ချက်များကို အလေးအနက်ထားခြင်း၊ အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများသည် ထိုကဲ့သို့သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သူများအား အပြစ်ပေး အရေးယူခြင်းများပြုလုပ်သွားရန်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကိုခံစားခဲ့ရသော ပြည်သူလူထုများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဥပဒေ၏ အကာအကွယ်ပေးခြင်းနှင့် တရားမျှတရေးတို့ကို တန်းတူညီမျှစွာ ရရှိခံစားနိုင်ရန် ဖော်ဆောင်ပေး ရမည့်တာဝန်ရှိသည်ကို သတိပေးခြင်းနှင့် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ အမှန်တရားဖော်ထုတ်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ကို ဖော်ဆောင်ရာတွင် အရေးပါသည့် စီစဉ်ဆောင်ရွက်မှုတခုမှာ ပြစ်မှုကျူးလွန်ခဲ့သူများ အပြစ်များမှ ကင်းလွတ်နေခြင်းများကို ရပ်တန့်ရန် အရေးကြီးကြောင်းကို အလေးအနက်ထားခြင်း၊

၅။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် မုဒိမ်းမှုများနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးတို့ကို ကျူးလွန်သော နိုင်ငံအစိုးရများနှင့် ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများအား ဖိအားပေးခြင်း၊ ပိတ်ဆို့ခြင်းများပြုလုပ်ရာတွင် ယင်းတို့အပေါ် တိုက်ရိုက်ထိခိုက်မည့်နည်းလမ်းများကိုအသုံးပြုနိုင်ရေးအတွက် အလေးထားထည့်သွင်းစဉ်းစားသွားမည့် ရည်ရွယ်ထားချက်များကို အတည်ပြုခြင်း၊

၆။ ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်အပ်ထားသော ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် လူသားခြင်းစာနာထောက်ထားသည့် လုပ်ငန်းဆောင်ရွက်သူများ အရပ်သားတို့အပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် အခြားအကြမ်းဖက်မှု အမျိုးမျိုးတို့ကို ကြိုတင်ကာကွယ်ခြင်း၊ သတိထားမိခြင်းနှင့် အရေးယူဆောင်ရွက်မှုများ ပိုမိုကောင်းမွန်ထိရောက်စွာပြုလုပ်နိုင်ရန် လိုအပ်သည့် ပညာပေးအစီ အစဉ်များရေးဆွဲချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ပြုလုပ်နိုင်ရန် လုံခြုံရေးကော်စီ၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေး

ဆိုင်ရာ အထူးကော်မတီနှင့် ယင်း၏ အလုပ်အဖွဲ့များနှင့် သက်ဆိုင်ရာ နိုင်ငံအစိုးရများအား သင့်တင့်လျောက်ပတ်သည့် တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်သွားရန် အထွေထွေ အတွင်းရေးမှူးအား တောင်းဆိုခြင်း၊

၇။ ကမ္ဘာ့ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများအတွင်း လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းများ၊ ချိုးဖောက်ခြင်းများကို လုံးဝသည်းခံခြင်းရှိမည်မဟုတ်ဆိုသည့် မူဝါဒကို ပိုမိုအားကောင်းလာစေရန်နှင့် ဆက်လက်ကျင့်သုံးသွားရန် အထွေထွေအတွင်းရေးမှူးအား တောင်းဆိုခြင်း၊ စစ်သားများနှင့် ရဲများကို ပေးပို့သော တိုင်းပြည်များ အနေဖြင့်လည်း လိုအပ်သည့်အလျောက် တာဝန်ထမ်းဆောင်ရန် မပေးပို့ခင်နှင့် တာဝန်ထမ်းဆောင်နေစဉ် အတောအတွင်း ပညာပေးသင်တန်းများ ကျင်းပခြင်းနှင့် ယင်းတို့ပေးပို့သော ဝန်ထမ်းများ ထိုကဲ့သို့သော ပြစ်မှုများကို ကျူးလွန်လာခဲ့ပါက အပြည့်အဝ တာဝန်ယူရန် စသည်တို့ ပါဝင်သည့် ကြိုတင်ကာကွယ်ရေးများကို ဆောင်ရွက်သွားရန် တိုက်တွန်းခြင်း၊

၈။ စစ်သားများနှင့် ရဲများကို ပေးပို့သော တိုင်းပြည်များအနေဖြင့် စစ်ပဋိပက္ခဖြစ်ပွား လျက်ရှိသော နယ်မြေများနှင့် စစ်ပဋိပက္ခ လွန်နယ်မြေများအတွင်း ငြိမ်းချမ်းရေးတည် ဆောက်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပါဝင်သော ဝန်ထမ်းများ အရပ်သားများကို အကာအကွယ်ပေးရန်နှင့် အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ဖြစ်ပေါ်လာနိုင်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကိစ္စများကို စည်းရုံးလှုံ့ဆော်မှုများ၊ ပညာပေးရေးများကို ပိုမိုတိုးတက်လုပ်ဆောင်သွားရန်နှင့် တတ်နိုင်သလောက် အမျိုးသမီးဝန်ထမ်းများကို ပိုမိုခန့်အပ်ပေးပို့ရန် အထွေထွေအတွင်းရေးမှူးနှင့် တိုင်ပင် ဆွေးနွေး၍ စီစဉ်ဆောင်ရွက်ခြင်းများကို တိုက်တွန်းအားပေးခြင်း၊

၉။ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအပါအဝင် အရပ်သားပြည်သူများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အမျိုးမျိုးမှ အကာအကွယ်ပေးနိုင်ရာတွင် ထိထိ ရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးထိန်းသိမ်းရေးဝန်ထမ်းများအတွက် အထောက်အကူဖြစ်စေသည့် လမ်းညွှန်ချက်များ၊ နည်းဗျူဟာများ ထုတ်ဝေဖြန့်ချိခြင်း

နှင့် လုံခြုံရေးကောင်စီသို့ ရေးသားအစီရင်ခံသော အစီရင်ခံစာထဲတွင် ယင်းအရေးကိစ္စများကို စနစ်တကျ ထည့်သွင်းဖော်ပြခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကာကွယ် စောင့်ရှောက်ရာတွင် စိုးရိမ်ပူပန်မှုနေမှုများနှင့် ယင်းတို့ကိုဖြေရှင်းနိုင်ရန် အကြံပေးတင်ပြချက်များကို ပြုလုပ်သွားရန် အထွေထွေအတွင်း ရေးမှူးအား တောင်းဆိုခြင်း၊

၁၀။ ကမ္ဘာ့ကုလသမဂ္ဂ၏ အေဂျင်စီများ၏ စီမံခန့်ခွဲမှုအောက်ရှိ ဒုက္ခသည်စခန်းများ၊ နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများအတွင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂမှ ပါဝင်ပတ်သက်နေသော လက်နက်လျှော့ချရေး၊ စစ်အင်အားလျှော့ချရေးနှင့် ပြန်လည် နေရာချထားရေး လုပ်ငန်းစဉ်အဆင့်ဆင့်များ၊ တရားမျှတရေးနှင့် လုံခြုံဘေးကင်းရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ် များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမှ အကာအကွယ်ပေးနိုင်မည့် ယန္တရားများကို အမျိုးသမီးများ၊ အမျိုးသမီးများဦးစီးဦးဆောင်သည့် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်းများမှတဆင့် တီထွင်ဖန်တီးသွားရန် အထွေထွေအတွင်းရေးမှူးအား တောင်းဆိုခြင်း၊

၁၁။ စစ်ပဋိပက္ခဖြစ်ပွားနေချိန်နှင့် ဖြစ်ပွားပြီးသွားသော အချိန်ကာလများ အတောအတွင်း ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းများနှင့် ကျားမဆိုင်ရာ အမြင်သဘောထားများ ပိုမိုကျယ်ပြန့်စွာ ပါဝင်စေရန်အတွက် နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီးနှင့် အကြံအဉာဏ်ရယူခြင်းများ၊ အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုပါဝင်လာနိုင်ရန် ဆောင်ရွက်ခြင်းများကို စစ်ပဋိပက္ခလွန် ငြိမ်းချမ်းရေး တည်ဆောက်ရေးလုပ်ငန်းများအတွက် အကြံအဉာဏ်များ၊ အကြံပြုတင်ပြချက်များတွင် ထည့်သွင်းတင်ပြခြင်းတို့သည် ငြိမ်းချမ်းရေးတည်ဆောက်ရေး ကော်မရှင်၏ အရေးပါသည့် အခန်းကဏ္ဍဖြစ်သည်ကို အလေးအနက်ထားခြင်း၊

၁၂။ စစ်ပဋိပက္ခများကို ကြိုတင်ကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံဘေးကင်းရေးတို့ကို ထိန်းသိမ်းခြင်းများနှင့် စစ်ပဋိပက္ခလွန်ငြိမ်းချမ်းရေး တည်ဆောက်

ရေးလုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ခြင်းများနှင့် ထိုလုပ်ငန်းများကို ဦးစီးဆောင်ရွက်သော အဖွဲ့အစည်းများအနေဖြင့်လည်း ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်များတွင် အမျိုးသမီးများ တန်းတူညီမျှစွာနှင့် အပြည့်အဝပါဝင်လာနိုင်စေရန် တိုက်တွန်းအားပေးခြင်းများပြုလုပ်သွားရန် အထွေထွေအတွင်းရေးမှူးနှင့် ၎င်း၏ အထူးကိုယ်စားလှယ်များကို တိုက်တွန်းတောင်းဆိုခြင်း၊

၁၃။ နိုင်ငံအစိုးရ၏ ဌာနဆိုင်ရာများ အထူးသဖြင့် တရားစီရင်ရေးဌာနနှင့် ကျန်းမာရေးစနစ်များ၏ စွမ်းဆောင်နိုင်အားများနှင့် စစ်ပဋိပက္ခဖြစ်ပွားနေစဉ်နှင့် စစ်ပဋိပက္ခလွန်ကာလများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တွေ့ကြုံခံစားခဲ့ရသူများကို လုံလောက်သည့် ကူညီထောက်ပံ့မှုများပေးနိုင်ရန်အတွက် ဒေသခံလူထုအခြေပြုအဖွဲ့အစည်းများကွန်ယက်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာအား ကောင်းရေးတို့အတွက် အထောက်အကူပြုရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဌာနဆိုင်ရာများနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများတို့အပါအဝင် အခြားပါဝင်ပတ်သက်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးကို တိုက်တွန်းတောင်းဆိုခြင်း၊

၁၄။ စစ်ပဋိပက္ခများအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တွေ့ကြုံခံစားခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကျိုးပြုမည့် မူဝါဒများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို အစီအစဉ်ချမှတ်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို သက်ဆိုင်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ အထူးသဖြင့် ဒေသခွဲများမှအဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက်သွားရန်တိုက်တွန်းတောင်းဆိုခြင်း၊

၁၅။ လုံခြုံရေးကောင်စီမှ အနီးကပ်စောင့်ကြည့်နေသော အရေးကိစ္စများနှင့်ပတ်သက်သည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ၃၀ ရက်နေ့ ဇွန်လ ၂၀၀၉ ခုနှစ် နောက်ဆုံးထား၍ အစီရင်ခံစာတင်သွင်းခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စနစ်တကျ (သို့) ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေသော စစ်ပဋိပက္ခဖြစ်ပွားနေသည့် နယ်မြေများမှ အခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို

သက်ဆိုင်ရာနိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသည့် ဌာနများ၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ငန်းများနှင့် အခြား ကမ္ဘာ့ကုလသမဂ္ဂ၏ ဝန်ထမ်းများအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂရုံးမှ ရရှိနိုင်သော အချက်အလက်များကို အသုံးပြုခြင်းများ၊ စစ်ပဋိပက္ခ အတွင်းဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အခြေအနေ များ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ယင်းကဲ့သို့သော ဘေးအန္တရာယ်များ ကြုံတွေ့ရခြင်းမှ နည်းနိုင်သမျှနည်းစေနိုင်ရန် တင်ပြလာသည့် နည်းဗျူဟာများ၊ လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများကို ကြိုတင်ဟန့်တားခြင်းများ နှင့် ကိုင်တွယ်ဖြေရှင်းခြင်းများ၏ အောင်မြင်မှုများကို တိုင်းထွာခြင်းများ၊ ဒေသများအတွင်း လုပ်ငန်းအကောင်အထည်ဖော် ရာတွင် ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သည့် အဖွဲ့အစည်းများထံမှ အကြံပေးချက်များ၊ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်နှင့် ရုံးခွဲများအကြား ပူးပေါင်းဆောင်ရွက်ရေး များ တိုးတက်မြင့်မားလာစေခြင်းများမှ တဆင့် အချိန်မှန်၊ ပြည့်စုံ၊ တိကျ၊ မှန်ကန်သော စစ်ပဋိပက္ခအတွင်းရှိ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူစုဆောင်းနိုင်ရန်အတွက် အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းအစီအစဉ်များကို သုံးသပ်လေ့လာခြင်းများနှင့် ဤဆုံးဖြတ်ချက်တွင်ထည့်သွင်းဖော်ပြထားသော လိုက်နာ ဆောင်ရွက်ရမည့်အချက်များ အထူးသဖြင့် လက်ရှိကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ချက်ချင်းနှင့် အပြည့်အဝရပ်တန့်ရန်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုနည်းမျိုးစုံ၏အန္တရာယ်မှအမျိုးသမီးများနှင့်မိန်းကလေးငယ်များကိုအကာအကွယ်ပေးရန် ဆောင်ရွက်နေချက်များကို စစ်ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစည်းများ လိုက်နာ ဆောင်ရွက်နေမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အဆက်မပြတ် တင်ပြခြင်းတို့ကို ဆောင်ရွက်သွားရန် အထွေထွေအတွင်းရေးမှူးအား တောင်းဆိုခြင်း၊

၁၆။အထက်ပါကိစ္စရပ်များအားလုံးကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဟု ဆုံးဖြတ်သည်။